ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး


| [illegible] | |
| --- | --- |
| ဝင်စာအမှတ် | ၂၈၃၉ |
| ရက်စွဲ | ၂၀.၇.၁၇ |


<u>အမိန့်ကြော်ငြာစာ</u>

အမှတ်၊ ၆၈ /၂၀၁၇

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်

( ၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ၁၃ ရက် )

အကြောင်းအရာ။ အထူးကုန်စည်ခွန် ကျသင့်သည့် ကုန်စည်နှင့်ပတ်သက်၍ အဓိပ္ပာယ် သတ်မှတ်ချက် ထုတ်ပြန်ခြင်း

၁။ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အထူးကုန်စည်ခွန် ကျသင့်မည့် အထူးကုန်စည်များနှင့် ကျသင့်အခွန်နှုန်းများကို သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၂။ အဆိုပါ အထူးကုန်စည်များအနက် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က) ၏ ဇယားအမှတ်စဉ် ၁၁ နှင့် ပုဒ်မခွဲ (ခ) ၏ ဇယားအမှတ်စဉ် ၂ ပါ "သစ်ခွဲသားများ" ဆိုသည့်စကားရပ်နှင့်စပ်လျဉ်း၍ အခွန်စည်းကြပ်ကောက်ခံမှုများ ဆောင်ရွက်ရာတွင် ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ရန်အတွက် အဆိုပါ "သစ်ခွဲသားများ" ဆိုသည့်စကားရပ်သည် ပူးတွဲဇယား၏ အမှတ်စဉ် ၁ မှ ၃ အထိ တို့တွင် ဖော်ပြထားသော အခြေခံအဆင့် ခွဲစိတ်ထားသည့် သစ်ခွဲသား (Rough Sawn) များကို ဆိုလိုကြောင်း ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့် ကို ကျင့်သုံး၍ ထုတ်ပြန်သတ်မှတ်လိုက်သည်။

ကျော်ဝင်း

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ / ဘဏ္ဍာ-၁ / ၃ / ၁ ( ၄၇၃၂ /၂၀၁၇)

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများအားလုံး

ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းပေးနိုင်ပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်<br>စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) } (ညီနောင်အသင်းများအား ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

(မင်းထွဋ်)

ညွှန်ကြားရေးမှူးချုပ်

အထူးကုန်စည်ခွန် ကျသင့်သည့် သစ်ခွဲသားများ၏ အဓိပ္ပာယ်သတ်မှတ်ချက်

| စဉ် | | အမျိုးအမည် | H.S Code | သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | | သစ်ခွဲသား (Sawn Timber/ Conversion/ Lumber) | 44.07 | အခြေခံအဆင့် ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |
| | A | ဒုသစ် (Square) | 44.07 | အခြေခံအဆင့် ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |
| | B | တိုင် (Post) | 44.07 | အခြေခံအဆင့် ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |
| | C | ရှဉ်ကြီး (Flitch) | 44.07 | အခြေခံအဆင့် ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |
| | D | ရှည်ပျဉ် (Plank) | 44.07 | အခြေခံအဆင့် ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |
| | E | ပျဉ် (Board) | 44.07 | အခြေခံအဆင့် ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |
| ၂ | | သစ်ပါးလွှာရှဉ်ကြီး (Flitch for Veneer) | 44.07 | အခြေခံအဆင့် ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |
| ၃ | | အလှဆင်သဘာဝဘုတ်ပြား (Natural Decorative Board/ Table Top) | 44.07 | အခြေခံအဆင့် ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |